ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၄ / ၈-၂ (၁၅) / လူမှု
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်

သို့

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အားလုံး)(ကိုကိုးကျွန်းမြို့နယ်မပါ။)

အကြောင်းအရာ။ **အမိန့်ကြေငြာချက်ထုတ်ပြန်ဆောင်ရွက်သွားရန်ကိစ္စ**

၁။ Coronavirus Disease 2019 (COVID-19)ရောဂါသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားခဲ့ရာ ယနေ့အထိ မြန်မာတစ်နိုင်ငံလုံးတွင် ရောဂါကူးစက်ခံရသူ ၈၅ ဦးအနက် ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ တာမွေမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ စုစုပေါင်း (၁၇)မြို့နယ်တွင် (၆၈)ဦး ကူးစက်ခံထားရပြီး (၃)ဦးသေဆုံးခဲ့ပြီးဖြစ်ပါသည်။

၂။ COVID-19 ရောဂါသည် အများပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို ထိခိုက်စေသည့်အပြင် အသက်အန္တရာယ်သေဆုံးသည်အထိ ဖြစ်ပွားလာနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အမိန့်ကြေငြာချက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်းတင်ပြခဲ့မှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်သွားရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏(၁၇.၄.၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂၉၉ / ၂၆၄ / COVID-19 / ကော်မတီ ၂၀၂၀ ဖြင့် အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မိမိတို့ မြို့နယ်အလိုက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်နေ့မှစတင်၍ ည(၁၀၀၀)နာရီမှ နံနက်(၀၄၀၀)အတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပူးတွဲ - ( ၁ )ရွက်

ဝန်ကြီးချုပ်(ကိုယ်စား)
(မိုးဟိန်း၊ ညွှန်ကြားရေးမှူး)

缅甸中文网